
အောင်မြင်စာပေ

ဝတ္ထုကောက်ညွှန်း၊သရုပ်ဖော်

ဆွေမင်း၊ဓနုဖြူ


# မြိုင်ရာဇာ



## တွတ်တို၏မာယာ

www.burmeseclassic.com

အခန်း (၁) နှစ်သုံးဆယ်ကျော် အခါက ဖြစ်ပွားခဲ့သော ဘောလုံးပွဲ







ထူးခြားသည်ဟု ကျွန်ုပ်ဆိုသော် ကျွန်ုပ်လွန်အံ့မထင် ။ ကျွန်ုပ်တို့ကြံ့တိုင်းရွာနှင့်ထုံတိုင်းရွာ
သည်.. လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်လောက်ကတည်းကပင်.. အငြိုးကြီးစွာဖြင့်
ရန်သူကြီးများသဖွယ် နေထိုင်ခဲ့သောနှစ်ရွာ ဖြစ်ခဲ့ကြသော
ကြောင့်တည်း..။
ဟိုမှာ.. ကြံ့တိုင်းသားဟေ့.. အားလုံး ခုတ်ပြုတ်လုပ်သောက်.. တစ်ခုပဲချန်ထား..
ကိုယ်ရေးရာဇဝင်ပျောက်မယ့် သဘောရှိတယ်.. ပြေးမှ..
ထိုသို့ဖြစ်ရသည်မှာလည်း.. လွန်ခွာမှကြေကွဲဖွယ် ဇာတ်လမ်းတစ်ပုဒ်မှ အစပြုခဲ့ရသည်.. ကျွန်ုပ်တို့ကြံ့ တိုင်းရွာသား... မောင်လူရှူနှင့် ထုံတိုင်းရွာသူ မနှင်းမှုံ တို့၏လွန်ခဲ့သော နှစ်နှစ်ဆယ်က ကြေကွဲဖွယ် သွေး ပျက်ဖွယ်အဖြစ်မှ စခဲ့ရချေတော့၏...။
ဤ ကြေကွဲဖွယ် အကြောင်းအရာ များကို....ကျွန်ုပ်ချန်ထားရစ်ပေဦး မည် ။ နောင် အချိန်သင့်မှကျွန်ုပ် တင်ပြသွားပေအံ့...။
ညီလေး....လူရှု တို့ကိုထားခဲ့ပြီလားကွ.. ဟီး..
ညီမလေး....နှင်းမှုံ အဖြစ်ဆိုးလှချည်လား
၄


ယခု အရေးကြီးသည်က..ထုံထိုင်းရွာနှင့်ကြံ့တိုင်းရွာတို့၏ ဘောလုံးပွဲကြီးသာတည်း
ဘုရား...ဘုရား ဒီနေ့ငါ...ရေရေလည် လည်..အကန်ခံရမယ့် နေ့ပါလားနော်..
ဆရာတွတ် ကျွန် တော်တို့ သွေးပူ လေ့ ကျင့်ခန်းလုပ်ရတော့ မလား..
ပွဲချိန်..လိုပါသေးတယ်...အေးအေးဆေးဆေး နားကြဦး..
သွေးပူ လေ့ကျင့်ခန်းလုပ်ဖို့ ကိုသာဗျော ဆိုင်တောင်မဖွင့်သေးတဲ့ ဥစ္စာ..
ထုံထိုင်းရွာသူတွေ ကတော့ချောပ့်.....အနိုင်ကန် ရမှာတောင်...ခင်းလေးတို့ကို အားနာစရာ
ဟုတ်ပ ဒီလောက်လှမှန်း အခုကသိ ငါ အသေခံပြီး သွားပါတယ်..ဟဲ ဟဲ

ခိုက်ဝမ်းကွဲပြီး...မညီမညွတ်ဖြစ်နေသော...ဤနှစ်ရွာကိုပြန်လည်ပေါင်းစည်း၍ညီညွတ်
ချစ်ကြည်စွာနေနိုင်ဖို့ကြိုးပမ်းသူကား ကျွန်ုပ်မြိုင်ရာဇာတွတ်ပီတည်း....ဤဘောလုံးပွဲ
ကြီးကိုစတင်ဖန်တီးရှင်လည်း ကျွန်ုပ်ပင်တည်း..။




ဖြစ်ပေါ်လာရခြင်းမှာ..ဤသို့
ကျွန်ုပ်တို့ကြံ့ကိုင်းရွာ၏ ရွာဦး
ဆရာတော် ပျံလွန်တော်မူပြီးနောက်
အနားတွင် စည်စည်ကားကားဖြစ်
အောင်...သူကြီး ဦးဘစိုက ကျွန်ုပ်အား
တာဝန်ပေးအပ်လိုက်သည်...။




ထိုအခါ ကျွန်ုပ်မှာ စဉ်းစားရချေတော့၏။
လာဖို့ရာလည်း မဖြစ်နိုင်.. ငွေကုန်ကြေးကျများပါဘိ




နောက်တစ်ချက်မှာ..ကျွန်ုပ်တို့ရွာနှင့်မတည့်သော
ထုံထိုင်းရွာသားများကလည်း ဆရာတော်၏
ရုပ်ကလာပ်ကိုနောက်ဆုံး ဦးချကြည်ညိုလိုသည်ဟု
တစ်ရွာသား လူကြုံများဖြင့် ကျွန်ုပ်ထံအကြောင်းကြား
လာခြင်းပေတည်း။




ခေတ်လဲ....ပြောင်းခဲ့ပြီ..။
စနစ်လည်း ပြောင်းခဲ့ကြပြီ...
ဦးအချိန် ဦးနစ်ရှာ စိတ်ဝမ်း
ကွဲစရာ.....မရှိတော့ပြီ ။
ချစ်ကြည် ရင်းနှီးစွာ နေထိုင်ရ
သည့်မှုကို ကျွန်ုပ်ချမှတ်ရပေ
တော့မည်...။
ကျွန်ုပ်ငယ်စဉ် လွန်ခဲ့သောနှစ် ၁၀ကျော်လောက်က ဖခင်ဖြစ်သူ
ရှိစဉ်ကြေးတိုင်းရွာနှင့် ထုံထိုင်းရွာတို့..နှစ်စဉ်ကျင်းပမြဲဘော
လုံးပွဲကို မျက်လုံးထဲ၌ တရေးရေးမြင်ယောင်လာတော့၏
ကျွန်ုပ်ဖခင်၏တာဝန်ကို ကျွန်ုပ်ဆက်လက်ယူမည်ဆိုပါ
ကကျွန်ုပ်ဖခင်ကို သတိတရ ဝက်ပြုရာ....ရောက်ပေလိမ့်
မည်..။
ထုံထိုင်းကွ.. ဆွဲထား..
ခြေထောက်ကို အဲလေ..
ဘောလုံးကို
သို့ဖြင့် ထုံထိုင်းရွာသို့..လူကြုံစာလွှာပါး၍ အကျိုးအကြောင်းကို
ရေးပေးလိုက်ချေရာ



ထုံထိုင်းရွာသူကြီး ဦးဝေသာက.. လွယ်ကူစွာပင် လက်နှံကြောင်းကို ငြိမ်းချမ်းရေးလွှန်း
ပျံ့သံတမန်ထံမှ ရရှိချေတော့၏။
ပြန်စာတော့ ရောက်လာပြီဟော့ သူကြီး ဘစိဆိ သွားပြကြစို့
ကျွန်ုပ် မောင်ဝေသာ စာရေးလိုက်သည်....မြိုင်ရာဇာ တွတ်ပီ....သင်တို့၏ အဆိုကို ကျွန်ုပ် လက်ခံလိုက်ပြီ ဘောလုံး အကျော်အမော်များလည်း ကျွန်ုပ်တို့ လိုက်လံစုဆောင်း နေချေပြီ...တဲ့ဟဲ
ကျွန်ုပ်တို့နှစ်ရွာ...ငြိမ်းချမ်းစွာ အတူနေထိုင်ရေးကို....မူအားဖြင့် လက်ခံလိုက်သည်...
ခေ့ခေ ညှိနှိုင်းလိုက်ကြ တော်ကြာ...ချလိုက်ကြနဲ့လူတွေ ရှုပ်ကို ရှုပ်တယ်.....ငါတို့ကတော့ မကျေနပ်ရင် ကိုက်မယ် ဒါပဲ..ရှင်းတယ်။
အထူး...မှာလိုသည်က ကျွန်ုပ်တို့ထုံထိုင်းရွာသူရွာသား များ၏ လုံခြုံရေးကို တင်းတင်းကြပ်ကြပ် စီစဉ်ပေးရမည်ဖြစ်သည်..
ဒါ..လုပ်ပေးရမှာပေ့ါ သူကြီးရာ မဟုတ်ဘူးလား..
၇


အလို မှတ်ချက်။ ဘစိ.....မင်းအထုံ ဘဝကိုပြ သိစေရန် ဆိုပါလား
ငါ့ရှာသားတစ်ယောက် ဘေးဥပဒ် တစ်စုံတစ်ခု ကျရောက်ခဲ့လျှင် သင့်လက်ဖဝါးပြင်မှ.....အာယုခေါ် အသက်လမ်းကြောင်းသည် မှေးမှိန်ပျောက်ကွယ် သွားမည်ဖြစ်သည်....ပုံ သူကြီးဝေသာ (ပထမ်ကြီးအောင်) ထုံထိုင်းရှ သူကြီး...တဲ့..ဒဲ
ဒီ သူကြီးဘစိကို ခေါ်ခေါ်ကားကား ရေးလိုက်တာပဲဗျ မခံနို့..ဟွန်း
သည်းခံခြင်းဟာ အောင်မြင်ပါတယ်ကွာ သူကြီးမောင်ဝသာ ငါ့အကြောင်းကို သူကောင်းကောင်းကြီးသိပါတယ်..
၉


ဗိုက်ကလေးက ရှူးရှူးရှဲရှဲ ဖြစ်နေသလောက် သူကြီးဘဇီက.. ခါကိုပတ်၍ ဒေါသမဖြစ်အောင် မတန် စိတ်တိုလှသော ဘဇီကား ယခုတစ်ခါကြိမ်တွင်မူ နှုတ်ဆိတ်နေချေတော့၏.. ။
ထူးဆန်းပါပေ့
ဘယ်အချိန်ကများတရား ကျသွားပါလိမ့်နော်
နောင်မှ ကျွန်ုပ် သူကြီးဘဇီ၏ ဒေါသ မဖြစ်မှုကို ကောင်းကောင်း သိရချေတော့၏ ။
သူတို့ငယ်စဉ် ကိုရင်ဘဝက သူကြီးဦးဝေသာက ဦးဘဇီကို ကုဋီတံခါးပိတ်၍ ဘဇီ၏ထိပ်ပြောင်ပြောင်ကို အကြိမ် တစ်ရာလောက် မူးနောက်အောင် ထုပြီးကတည်းက
ဝေသာဟော့ဆိုလျှင် ဘဇီတစ်ယောက်တုတ်တုတ်မျှ မလှုပ်ရဲတော့ပေ..
ငါတို့သပိတ်တွေ မဆေးပေးလို့ကတော့ ဝေသာကိုသွားအတိုင်းပဲ
ဒင်းနာမည်ကြားရတာနဲ့ ဗိုက်က နာချင်သလိုဖြစ်လာပြီ.. အီး
ကြောက်ချေ ကြောက်ချေး ဟား ဟား



သို့ဖြင့် သူကြီးဦးဝေသာ၏ ပြန်စာကို...ကျွန်ုပ်တို့ရရှိပြီးချိန် မှစ၍ ဘောလုံးပွဲတော်ကြီး ကျင်းပဖို့အတွက် ပြင်ဆင်မှု ပြုရတော့သည်....။
ဟဲ ငါ့ဒီကား.. ကျွန်းတိုင်တွေဘယ် ရောက်နေလဲ
အရီးလေးရေဘောလုံးပွဲမှာ ဂိုးတိုင်လုပ်ဖို့ ယူသွားတယ်လေ
ဟဲ့ ဘယ်သေနာ ယူသွားတာလဲ ပြောစမ်း
ဦးတွတ်ပီလေ
ငါ့ဆီက ခွင့်မတောင်းဘဲ ရာရာစစ.. ဒင်းတော့လား..
အရီးလေး....သိပ်ကြိမ်းမနေနဲ့ အဲဒါ...သူကြီး အမိန့်တဲ့ဗျ.
ရှေ့ဦးလုပ်ရမည့်တာဝန်ကား လူရွေးချယ်ရေးပင် ဖြစ်သည်။ ကျွန်ုပ်သည်ပင် ဘောလုံးအသင်းအုပ်ချုပ်သူ ၊နည်းပြဆရာ...အသင်းခေါင်းဆောင်မန်နေဂျာ ရာထူးက များပြားလှပါဘိတောင်း။
ခါးကိုမဆန့်နိုင်တော့ဘူး
၁၁


ဆရာတွတ်ရေ...ရွာလယ်က ချက်ကြီးရဲ့သား ချက်ထိုးက သူ့ကိုပါ ဘောလုံးအသင်းထည့်ဖို့လာပြော သွားတယ်ဗျ..
ဗိုက်ကလေး...မင်းကို ငါ့ရဲ့လူရွေးချယ်တဲ့ မူကို ပြောပြထားမယ် လူသစ်ကို ငါမသုံးဘူး
ဟိုတုံးက တို့ရွာရဲ့ဘောလုံးနာမည်ရ လူဟောင်းသဗ္ဗာရင့် သူတွေကိုပဲ ဦးစားပေး ရွေးချယ်ရမယ် သူတို့က အတွေ့အကြုံများတယ်..
ချက်ထိုးက...ဘောကန်သိပ်ကောင်းတယ် ဆရာတွတ်ရဲ့
ဒါဆို...ဆတွတ်က ဘယ်သူတွေများ ရျာထား လို့လဲ ဟင်
ဘယ်လောက်ကောင်း ကောင်း ငါ့ရဲ့အမူအရ သဗ္ဗာကိုပဲ ဦးစား ပေးရမယ်..
၁၂


လူပေါင်းသင်္ဘာထဲက....ဂိုးကိုဝွခ...သူဆို ဂိုးဖမ်းသိပ်ကောင်းတာ ပိုက်ဘောဆို...ပိုမိုတယ်...လေထဲမှာ ခုန်ပျံဖမ်းသွားလိုက်တာများကွာ ဟင်းဟင်း
ဟုတ်တယ် ဟုတ်တယ် ပိုက်ဘောတော့ အတော်ကောင်းတယ် သူ..မိန်းမ ရတော့လဲ...မိန်းမက ကိုယ်ဝန် သုံးလလောက် ပါလာတယ်ဆိုပဲ
ဟယ် အဝိုဆုနဲ့ပါလား..ဟဲ
ဟော့ကောင် ဘာဆိုင်လို့လဲ တိတ်စမ်း အသာမ်း...နောက်တန်းအတွက် လူပျိုကြီး ခေါင်မောင်ကိုရွေးထားတယ် သူက..မျက်လုံးလျင်တယ်...လာသမျှ ဘောနောက်ကိုလဲ....မနားတမ်း လျောက်လိုက်နိုင်တယ်
ဟုတ်လိုက်လေဗျာ မျက်စိလျင်တာကတော့.. သူ့မွေးရာပါ ဗီဇပဲ..မိန်းကလေး ဘယ်လောက် များများ မလွှတ်တမ်းငမ်း အဲ့ကြည့်နိုင် တယ်


ဘောလုံးနောက် မနားတမ်း လိုက်နိုင်တယ် မပြောနဲ့လေ ကောင်မလေးတွေကို...တစ်နေ့တစ်နေ့ လိုက်စကားပြောရတာ....ကိုးကုန်း ကိုးကွင်း....နံ့ရောကိုး...ဟဲဟဲ လေ့ကျင့်ပြီးသားဖြစ်နေတာပေါ့ ဆရာတွတ်ရေ..
လုပ်လိုက်ပြန်ပြီဟ
နောက် အလယ်တန်းက ကိုပိသူက ရှေ့ရောနောက်ရော အပြေးအလွှားကစားနိုင်တယ် အဖြတ်အတောက်ကလဲ ကောင်းမှကောင်း
မှန်လိုက်လေ ဆရာတွတ်ရယ်...အဖြတ် အတောက် ကတော့ တကယ်ကောင်းဗျို့
အငှားဆိုင်က စာအုပ်ထဲက သူကြိုက်တဲ့ပုံတွေဆို ဖြတ်တောက်ပြီး နံရံမှာ ကပ်ထားလိုက်တာ သပ်သပ်ရပ်ရပ် ရှိပုံများ
ပိသူကတော့ စာအုပ်ငှားသွားပြန်ပြီ ဘာတွေ ဖြတ်ယူထားဦးမလဲ သေချာစစ်မှ..
၁၄


ဗိုက်ကလေး ကျွန်ုပ်ပြော နေတာ....ဘောလုံးအကြောင်း နော်ဟွန်း
ဟုတ်ပါတယ် ကျွန်တော်က ဆက်ခပ် တွေးမိလို့ပါ...ဟီး ဒါနဲ့ ရှေ့တန်းကရော
ရှေ့တန်းကတော့....မင်းပဲ ဗိုက်ကလေး
ပါမှ....ပါပို့မလားလို့
မင်းအရည်အချင်းကို....ငါသိတယ်လေ မင်း...ငယ်ငယ်တုန်းက ဘယ်လောက် အလိမ်အခွဲ ကောင်းတယ် ဝိုးသွင်းကောင်းတယ်ဆိုတာ ငါအသိဆုံး..
ဗိုက်ကလေး ခင်ဗျာ လိမ်တယ် လှည့်တယ် ခေါက်တယ် ဆွဲတယ် အ.....ကန်သွင်းလိုက်ပြီ ခင်ဗျ...ဟုတ်ကဲ့ ဝိုးတိုင်နဲ့ တခြားစီ ပါပဲခင်ဗျာ
ဟားဟား
ဟား
သို့နှင့်အဓိက ဘောသမားများ ရွေးချယ်ပြီးနောက် သူတို့နှင့်တွဲဖက် မည့်....ဝါရင့် ဘောသမားများအား ရှာဖွေရတော့သည်....။ အားလုံးကား အိမ်ထောင် ကိုယ်စီကျ၍ ဘောလုံးနှင့် ဝေးကွာသည်မှာ ကြာမြင့်ပြီမို့ ဘောလုံးဟု မေးလျှင်သားရေနှင့်ချုပ် ထားတဲ့ လုံးလုံးလေးဟု ပြန်မေးမည့် လူများချည်း။ သို့သော်....မတတ်နိုင် အတတ်နိုင်ဆုံးကျွန်ုပ်ရှာဖွေရပေချိမ့်။
လာဟေ့ ခံပုဆိုး သွားစည်းရုံးရ အောင်..


ကျုပ်က..ထင်းခုတ်နေတာ...တစ်ရက်ပျက်ရင် တစ်ရက်....ကျုပ်အိမ်က...စားဝတ်နေရေး
ကဲကွာ....ခံပု အဲဒီနေ့တွက်ခ ငါပေးမယ်....ကန်ပြစ်အောင်သာ မင်းဝင်ကန် ဟုတ်ပြီလား
အင်းလေ....ရွာအတွက်ပဲဗျာ ကန်ရတော့မှာပေါ့
ဒါပဲနော်...ဦးတွတ်ဗိ...ကျွန်မ ယောကျာ်း...ခြေကျိုး...လက်ကျိုး ဖြစ်လို့ကတော့....ဒါတွေ မြင်တယ်နော်..
တစ်သက်လုံး...ငါခေါင့်ရှောက်မယ်..မပူနဲ့.
ဘောကန်ရမှာတောင်လန့်လာပြီ
ဟီးဟီး


သို့ဖြင့် နောက်တစ်ယောက်ထံချီတက်ကြသည်။
သူကား ရှေ့တန်းညာအခွန်မှ ယခုမူ...ယာလုပ်ငန်းလုပ်ကိုင်စားသောက်နေသူ...နာမည်က..
ဟေး...ဟိန်းမင်းဇော
အကြောင်းစုံ ပြောပြပြီးသော် ဟိန်းမင်းဇောက..မဝံ့မရဲဖြင့်..
ဖြစ်ပုံမလား...ဗျာ လူကလဲ...နဝိုကထက်...ပိန်နေပြီ
ဟုတ်ပ AIDS ဖြစ်နေရော့လား
ဖြစ်ပါတယ်ကွ ငါက...သမ္မာကိုယုံတယ် မင်းတို့ရဲ့ အတွေ့အကြုံက နည်းတာမှတ်လို့
ဤသို့ဖြင့်....အရန်သော လုံးသမား....အသါအဝင် (၁၅)ယောက်တိတိကိုရွေးချယ်မိတော့သည်။
၁၇


သမ္ဘာရင့်များမို့ အနီးကပ်သင်တန်းပို့ချရန် မလို.. ကျွန်ုပ်၏လျှို့ဝှက်သင်္ကေတ ကားကွက်ကိုသာ အသီးသီးမှာကြားလိုက်တော့၏ ။
၆:၁:၄
၄:၁:၁
၂:၁:၃
၆:၂:၄
ချဲဂဏန်းထိုးမို့ ထင်တယ်..
ယင်းတွင် သူကြီးဘစိကား သူကြီးပီပီ ဝင်၍သူလည်း တော်ကြောင်းတတ်ကြောင်း နားလည်ကြောင်း...သမားဝှက် ပြနေချေတော့၏...။
ဟာ...သူကြီးနှယ်ဗျာ..ဒါမျိုးဆိုတာ..ငယ်ငယ် ခနိုင်တုန်းကတည်းက...ခွဲတန်း ခွဲထားရတဲ့ ဖြစ်ရပေဗျာ..
အင်
ကျုပ်လဲ အရင်ကဆို ဘောသမားပဲ ပေါ့ဗျာ.. ဟင်း ခုတော့ အသက်ကကြီးပြီလေ နို့မို့ဆို..
၁၈
ဟော့ကောင်....ကျွတ်ပီ ငါပြောတာ...ဒါ...ဒါ...မဟုတ်ဘူးကွ ဟွန်းတောက်....သွားမယ်
စေတနာနဲ့ပါဗျာ
သူကြီး ဘစိကား တရှုးရှုးတရှဲရှဲဖြင့် ပြန်သွားချေပြီ...။ ကျွန်ုပ်ကား လေပေါ မိတ်တိုသော ဘစိကို ကလိလိုက်ရသဖြင့် ဝမ်းသာအားရ ရှိလှပါဘိတောင်း...။

# အခန်း ‹၂› မိတ်ဆွေဖြစ်တော့မည့် ရန်သူများ




ရာသီဥတု အခြေအနေကား.. အတူးပင် ကောင်းမွန်လှချေ၏..။
ဘောလုံးကွင်း၏ လေးဖက်လေးတန်တွင် ထုံထိုင်းရွာသားများ
ကြံ့တိုင်း ရွာသားတို့ဖြင့် ပြည့်ကြပ်လျှက်။ ဈေးဆိုင်တန်းများကလည်း.. စီရရီ
ကျွန်ုပ်၏ ကြိုးပမ်းချက် အောင်မြင်မှုပေတည်း..။

